# Saetanar

## 20th Anniversary

Newsletter Vol.9, No.1

June, 2022



## စေတနာအဖွဲ့၏ရှည်လျားသောခရီးစဉ်

နိပွန်ဖောင်ဒေးရှင်း၊ စေတနာအဖွဲ့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း၍ **“ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်း** EPD **စီမံကိန်း”** ကို ၂၀၀၂ ခုနှစ်၊ ဇွန်လတွင် စတင်အကောင်အထည်ဖော်ခဲ့သဖြင့် ယခု ၂၀၂၂ ခုနှစ်၊ မေလကုန်တွင် နှစ်ပေါင်း (၂၀) တိတိ ပြည့်ခဲ့ပြီ ဖြစ်ပါသည်။ နိုင်ငံတကာအဖွဲ့အစည်း အသီးသီးမှ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးစသည့် အကူအညီထောက်ပံ့ခြင်းစီမံကိန်းများမှာ (၃)နှစ်မှ (၅)နှစ်အထိသာ ထောက်ပံ့လေ့ရှိပြီး ဆယ်စုနှစ်တစ်ခုပြည့်အောင် ထောက်ပံ့သည်ဟူ၍ မရှိကြောင်းလည်း သိရှိရပါသည်။ စေတနာအဖွဲ့၏ **“ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပညာသင်ကြားခြင်းစီမံကိန်း”** မှာ ဆယ်စုနှစ်နှစ်ခုပင် ပြည့်ခဲ့ပြီဖြစ်ပါသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပေါင်းစပ်ညှိနှိုင်းလမ်းညွှန်မှု၊ အလှူရှင်ဖြစ်သော၊ ဂျပန်နိုင်ငံ၊ အစိုးရမဟုတ်သော ပုဂ္ဂလိကအဖွဲ့အစည်းဖြစ်သည့် နိပွန်ဖောင်ဒေးရှင်းမှ စေတနာသဒ္ဓါတရားပြည့်ဝစွာဖြင့် လိုလေသေးမရှိရအောင် လှူဒါန်းမှု၊ စာသင်ကျောင်းဆောင်သစ် ဆောက်လုပ်ခွင့်နှင့် စာသင်ကျောင်းဆောင်ဟောင်းပြင်ဆင်ခွင့်ရရှိသော ဒေသခံပြည်သူအပေါင်းမှ အားသွန်ခွန်စိုက်ပူးပေါင်းပါဝင်မှု၊ စေတနာအဖွဲ့ဝင်များ၏ စေတနာ၊ အနစ်နာ၊ စိတ်ရှည်သည်းခံစွာဖြင့် စွမ်းဆောင်မှုတို့ကြောင့် စီမံကိန်းအောင်မြင်ခဲ့ရခြင်းဖြစ်ပါသည်။ ဤကဲ့သို့ ရှည်လျားသော အနှစ် (၂၀) ခရီးတလျှောက်၊ စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင် ပူးပေါင်းပါဝင်သူများအားလုံးကို လွန်စွာမှ ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

တင်လေး

အမှုဆောင်ဒါရိုက်တာ၊ စေတနာအဖွဲ့ (လားရှိုးရုံး)

---



စေတနာအဖွဲ့၏ **“ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်းစီမံကိန်း"** (Education for Peace and Development Project - EPD) ကို ၂၀၀၂ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လာသည်မှာ ၂၀၂၂ ခုနှစ်၊ မေလ (၃၁) ရက်နေ့တွင် နှစ် (၂၀) တိတိပြည့်ခဲ့ပြီဖြစ်ပါသည်။ စေတနာအဖွဲ့အနေဖြင့် ဤကဲ့သို့ စီမံကိန်းလုပ်ငန်းများကို နှစ်ပေါင်း (၂၀) တိုင်အောင် အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ခဲ့ခြင်းမှာ စေတနာအဖွဲ့တစ်ဖွဲ့တည်း၏ လုပ်ဆောင်ချက်ကြောင့် မဟုတ်ပါ။ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပေါင်းစပ်ညှိနှိုင်းမှု၊ ဂျပန်နိုင်ငံ The Nippon Foundation ၏ ရန်ပုံငွေ ထောက်ပံ့မှု၊ ဒေသအာဏာပိုင်များနှင့် ပညာရေးဌာန၏ ကူညီပံ့ပိုးမှုနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုတို့ကြောင့် စေတနာအဖွဲ့၏ စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ စေတနာအဖွဲ့ကိုပံ့ပိုးကူညီပေးသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို စေတနာအဖွဲ့မှ အထူးကျေးဇူးတင်ရှိပါသည်။

ဒေသခံပြည်သူများအနေဖြင့် လူထုဖွံ့ဖြိုးရေးကော်မတီမှ ဦးဆောင်၍ အကောင်အထည်ဖော်ဆောင်ရွက်နေသော လူထုဖွံ့ဖြိုးရေးလုပ်ငန်းတွင်လည်း ကျောင်းဆောင်ဆောက်လုပ်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့စဉ်ကကဲ့သို့ပင် ပူးပေါင်းပါဝင်အားဖြည့်ဆောင်ရွက်ပြီး မိမိတို့ကျောင်းနှင့် ကျေးရွာဒေသကို အစဉ်ဖွံ့ဖြိုးတိုးတက်အောင် စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းကြိုးပမ်းကြပါရန် တိုက်တွန်းအပ်ပါသည်။

အေးအေးသန့်

ဒေသဆိုင်ရာစီမံကိန်းဒါရိုက်တာ၊ စေတနာအဖွဲ့ (တောင်ကြီးရုံး)

## Education for Peace and Development Project

# Voice from Community

## ရှမ်းပြည်နယ်တောင်ပိုင်းစီမံကိန်း

### ၁။ ၂၀၂၁ EPD စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ကလေးများ၏ ပညာသင်ကြားရေးတွင် အကျိုးသက်ရောက်မှုနှင့် တိုးတက်ပြောင်းလဲမှုများနှင့် ပတ်သက်၍ ကျောင်းအုပ်ကြီးတစ်ဦး၏ ပြောကြားချက်။ (ကျောက်စု အလက - ပင်းတယမြို့နယ်)



ပြည့်ကျပ်နေတဲ့စာသင်ခန်းတွေကနေ ကျယ်ကျယ်ဝန်းဝန်းနှင့် စနစ်တကျဖြစ်သွားတဲ့အတွက် ကလေးတွေကို စနစ်တကျထိန်းကျောင်းမှုတွေ ပြုလုပ်လာနိုင်ပါတယ်။ လက်ရှိဖြစ်ပွားနေတဲ့ Covid-19 နဲ့တော့ တော်တော်လေး အဆင်ပြေပြီး အသက်ရှူချောင်သွားပါတယ်။ ဒါ့အပြင် အဲ့ဒီကျောင်းဆောင်သစ်မှာ အတန်းကြီးတွေကိုပဲထားတဲ့အတွက် ကျန်တဲ့အတန်းငယ်တွေအနေနဲ့ ကျောင်းသစ်ကြီးမှာ နေချင်၊ တက်ချင်၊ သင်ချင်ကြတော့ အတန်းကြီးရောက်အောင် ယခင်ကထက် ပိုမိုကြိုးစားလာကြတယ်။ ဒီစိတ်နဲ့ပဲ မလိုလားအပ်တဲ့ကျောင်းထွက်မှုတွေ လျော့ကျသွားနိုင်မယ်လို့ ထင်ပါတယ်။

### ၂။ စေတနာအဖွဲ့၏ EPD စီမံကိန်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည့် ဒေသခံပြည်သူတစ်ဦး၏ စီမံကိန်းဆောင်ရွက်မှုအပေါ် ထင်မြင်သုံးသပ်ချက်။ (ပင်ငိုအလက - တောင်ကြီးမြို့နယ်)



စေတနာအဖွဲ့နှင့်အတူ EPD စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရသည့်အတွက် ရပ်ရွာဒေသခံ ပြည်သူလူထုမှာ တိုးတက်ပြောင်းလဲမှုများရှိလာပါသည်။ ကျောင်းဆောင်သစ် ဆောက်လုပ်ချိန်တွင် ငွေစာရင်း ရေးသွင်းနည်းစနစ်များကို စေတနာအဖွဲ့မှ လမ်းညွှန်သင်ကြားပေးခဲ့သဖြင့် ငွေကြေးစီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ဗဟုသုတရရှိခဲ့ပါသည်။ ထို့ပြင် လူထုဖွံ့ဖြိုးရေးရန်ပုံငွေကို ပံ့ပိုးပေးခဲ့သည့်အတွက် ထိုရန်ပုံငွေကို အရင်းမပျောက်အောင် မတည်ရင်းနှီးငွေအဖြစ် ဆောင်ရွက်နေပါသည်။ ရရှိလာသောအတိုးကို ပညာရေးကဏ္ဍအတွက် အဓိက ပံ့ပိုးခဲ့ရာ စာသင်ကျောင်းဖွံ့ဖြိုးတိုးတက်လာသည့်အပြင် ကျောင်းကော်မတီအနေဖြင့်လည်း အသေးစားချေးငွေလုပ်ငန်းကို အဆင်ပြေစွာ စီမံခန့်ခွဲဆောင်ရွက်နိုင်လာပါသည်။

### ၃။ အသေးစားစီမံကိန်း (Mini Project) ဖြင့် ကျောင်းဆောင်ရရှိသည့်အတွက် မိဘတစ်ဦး၏ ရင်တွင်းပီတိစကားသံများ။ (ကွေ့တောင် (ရွာမ) အမကခွဲ - ပင်လောင်းမြို့နယ်)



ကလေးများမှာ မိမိကျေးရွာအတွင်းတွင်ပဲ ပညာသင်ကြားနိုင်ပြီဖြစ်သည့်အတွက် ရပ်ဝေးကိုသွားရောက်ဖို့ မလိုတော့ဘူး။ မိုးရာသီတွင်လည်း ချောင်းများကိုဖြတ်ပြီး ကျောင်းသွားတက်စရာ မလိုတော့ဘူး။ လုံလုံခြုံခြုံနဲ့ ပညာသင်ကြားခွင့်ရသည့်အတွက် ကလေးများရဲ့ပညာရေးတွင် ပိုမို စိတ်ချပြီး စိတ်ချမ်းသာလာရပါတယ်။ အချိန်ပိုသင်ကြားရတဲ့အခါ မိုးချုပ်သည်အထိနေလည်း မိဘများ စိတ်ပူစရာမလိုတော့ပါ။ မိဘများကလည်း စိတ်ချလက်ချဖြင့် မိမိတို့စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်နိုင်ပါတယ်။



### ၄။ ကွေ့တောင် (ရွာမ) အမကခွဲမှ ကျောင်းသားတစ်ဦး၏ အနာဂတ်ရည်မှန်းချက်။

ကျောင်းဆရာတစ်ယောက်ဖြစ်ချင်ပါသည်။ မိမိရပ်ရွာ၊ ဒေသနှင့် နိုင်ငံအကျိုး ၊ လူမျိုးအကျိုး သယ်ပိုးပေးသောလူတစ်ယောက်ဖြစ်လိုပြီး ခက်ခဲသော၊ ဝေးလံခေါင်သီသော ဒေသများရှိ ကျောင်းသားကျောင်းသူများကို ပညာသင်ကြားပေးမည်ဖြစ်ပါသည်။

# Education for Peace and Development Project

# Voice from Community

## ရှမ်းပြည်နယ်မြောက်ပိုင်းစီမံကိန်း

### ၅။ စေတနာအဖွဲ့၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်း (EPD) စီမံကိန်းနှင့် ပတ်သက်၍ မြို့နယ်ပညာရေး ဌာနဝန်ထမ်းတစ်ဦး၏ ထင်မြင်သုံးသပ်ချက်။ (ကျောက်မဲမြို့နယ် ပညာရေးဌာန)



ကျွန်တော်တို့ပညာရေးဌာနအနေနဲ့ ကျောက်မဲမြို့နယ်အတွင်းမှာ စာသင်ကျောင်းတွေ အများကြီးရှိတဲ့အတွက် လိုအပ်ချက်တွေလည်း များစွာရှိနေပါတယ်။ စေတနာအဖွဲ့ရဲ့ "**ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားခြင်းစီမံကိန်း**" ဟာ စာသင်ကျောင်းတွေရဲ့လိုအပ်ချက်တွေကို ကူညီဖြည့်ဆည်းပေးနေတဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ EPD စီမံကိန်းဖြင့်ဆောက်လုပ်တဲ့ စာသင်ကျောင်းများဟာ ကျွန်တော်တို့ပြန်ကြည့်စရာ မလိုလောက်အောင် အဆောက်အဦးပိုင်းတွေ၊ မိလ္လာသန့်စင်ခန်းတွေအပြင် ရှေ့ဆက်ပြီး ကျောင်းဆောင် ထိန်းသိမ်းရေးကို လုပ်ဆောင်နိုင်ဖို့အတွက် ငွေပဒေသာပင် စီစဉ်ထားရှိပုံတွေကြောင့် ဒီစာသင်ကျောင်းတွေဟာ ပြီးပြည့်စုံတဲ့ကျောင်းတွေဖြစ်ကြောင်း ကျွန်တော်တို့အနေနဲ့ အသိအမှတ်ပြုပါတယ်။ ယခုလို နှစ် ၂၀ လုံးလုံး ကျွန်တော်တို့ရှမ်းပြည်နယ်အတွက် တကယ် လိုအပ်ချက်ရှိနေတဲ့ အခြေခံပညာကျောင်းတွေကို ကြိုးစားအားထုတ်ပြီးတော့ ဆောက်လုပ်ပေးခဲ့တဲ့အတွက်ကြောင့် စေတနာအဖွဲ့ကို ကျေးဇူးတင်ပါတယ်။

### ၆။ ၂၀၂၀ EPD စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ကလေးများ၏ ပညာရေးတိုးတက်ပြောင်းလဲမှုများနှင့်ပတ်သက်၍ ကျောင်းအုပ်ဆရာမ တစ်ဦး၏ ပြောကြားချက်။ (မက်မန်းကုန်းသာ အမကမူလွန် - ကျောက်မဲမြို့နယ်)



ကျောင်းဆောင်သစ်မဆောက်လုပ်ခင်က ကျွန်မတို့ကျောင်းမှာ စာသင်ခန်းမလုံလောက်မှုများစွာ ရှိခဲ့တဲ့အတွက် ကလေးတွေရဲ့သင်ကြားသင်ယူမှုမှာ အခက်အခဲတွေ အများကြီး ကြုံတွေ့ခဲ့ရပါတယ်။ ယခု ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးချိန်မှာတော့ စာသင်ခန်းအရေအတွက်လိုအပ်ချက်မရှိတော့တာကြောင့် ကလေးတွေပညာရေး မှာ ပိုမိုထိရောက်အောင်မြင်လာတယ်လို့ ထင်ပါတယ်။ အရင်ကဆို ကျောင်းစတက်ရတဲ့ ကျောင်းနေအရွယ် ကလေးတွေဟာ ကျောင်းကိုမလာချင်ကြဘူး။ အခုလို ကစားကွင်းရှိသွားတဲ့အခါ ကစားကွင်းကို မြင်ရတာနဲ့တင် ကျောင်းတက်ချင်ကြပါတယ်။ အဲ့အတွက် ဝမ်းသာကြိုဆိုပါတယ်။ ဒါ့အပြင် ကျောင်းမှာ စာချည်းပဲသင်နေရင် ကျောင်းသားကျောင်းသူတွေအတွက် ငြီးငွေ့စရာကောင်းပေမဲ့ ယခုအခါ ကျောင်းဆောင်နှင့်တကွ ကျောင်းကစားကွင်းပါ ရရှိခဲ့တာကြောင့် အားလပ်ချိန်တွေ မှာ ကိုယ်လက်လှုပ်ရှားအားကစားတွေ လုပ်ခိုင်းခြင်းအားဖြင့် ကလေးတွေရဲ့ ကျန်းမာရေးနဲ့ ကိုယ်ခန္ဓာ ကြံ့ခိုင်မှုကိုလည်း အထောက်အကူပြုပါတယ်။

### ၇။ EPD စီမံကိန်းဆောင်ရွက်ခြင်းကြောင့် မိမိတို့ကျောင်း၏ တိုးတက်ပြောင်းလဲလာမှုများနှင့်ပတ်သက်၍ ကျောင်းအုပ်ဆရာမတစ်ဦး၏ ပီတိစကားသံ။ (လွယ်ခေါ် အမကမူလွန် - နောင်ချိုမြို့နယ်)



ယခုလို နိပ္ပွန်ဖောင်ဒေးရှင်း၊ စေတနာအဖွဲ့ဝင်များနှင့် ရပ်ရွာအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ပြီး ပေ (၉၀ x ၃၀) အရွယ်ရှိ ကျောင်းဆောင်သစ်ကြီးကို ဆောက်လုပ်လှူဒါန်းပေးတဲ့အပြင် ကျောင်းအတွက် လိုအပ်တဲ့ စာရေးစားပွဲ များ၊ ထိုင်ခုံများနှင့် Whiteboard၊ Marker Pen များပါမကျန် လှူဒါန်းပေးခဲ့သည့်အတွက် ကျေးဇူးတင်ပါ တယ်။ ကျောင်းဆောင်ဆောက်လုပ်ပြီးနောက် ကျွန်မတို့ကျောင်းအတွက် ထားရှိပေးခဲ့သော ငွေပဒေသာပင်ကို ကျွန်မတို့ဟာ ရပ်ရွာကော်မတီများ ဖွဲ့စည်းပြီး စနစ်တကျ လုပ်ဆောင်လျက်ရှိပြီး ၎င်းမှ ရရှိလာသော အတိုးငွေ များကိုလည်း ကျောင်းရဲ့လိုအပ်ချက်များအတွက် စနစ်တကျ အသုံးပြုဆောင်ရွက်လျက်ရှိပါတယ်။ ကျောင်းဆောင်သစ်ကြီးနဲ့အတူ ကစားကွင်းပါ ရရှိခဲ့ခြင်းကြောင့် ကလေးတွေရဲ့ ကျောင်းထွက်နှုန်း လျော့ကျလာပြီး ကျောင်းနေပျော်၍ စာကြိုးစားသူများ ဖြစ်လာနိုင်တယ်လို့ ယုံကြည်ပါတယ်။ ကျောင်းဆောင်သစ်ကြီးကို လှူဒါန်းပေးပါသော နိပ္ပွန်ဖောင်ဒေးရှင်းနှင့် စေတနာအဖွဲ့ဝင်များကိုလည်း ကျေးဇူးအထူး တင်ရှိပါတယ်ရှင့်။ ကစားကွင်းလှူဒါန်းပေးပါသော ဒေါက်တာမိုတိုယိုရှိကိုလည်း ကျေးဇူးတင်ပါတယ်ရှင့်။

# Education for Peace and Development Project

# Voice from Community

## ကျောင်းအိမ်သာများဆောက်လုပ်ပေးခြင်း

**ကျောင်းအိမ်သာသန့်ရှင်းရေးအတွက် ကျောင်းသူတစ်ဦး၏တာဝန်သိစိတ်။ (ဘုရားတောင် အထက - ညောင်ရွှေမြို့နယ်)**





အိမ်သာသန့်ရှင်းရေးအတွက် အိမ်သာများညစ်ပတ်နေလျှင် ဆေးကြောသန့်ရှင်းပေးပါသည်။ အိမ်သာပတ်ဝန်းကျင်တွင် အမှိုက်နှင့် ချုံနွယ်များ ရှိနေပါကလည်း သူငယ်ချင်းများနှင့်စုပေါင်း၍ သန့်ရှင်းရေးပြုလုပ်ပါသည်။ ကိုယ်တိုင်လည်း မိမိကျောင်းအိမ်သာသန့်ရှင်းရေးအတွက် အိမ်သာသုံးပြီးတိုင်း စနစ်တကျ ရေလောင်းသန့်စင်ခြင်းအားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါသည်။ အတန်းငယ်သော ကလေးများကိုလည်း အိမ်သာကို မည်ကဲ့သို့ သန့်ရှင်းစွာ အသုံးပြုသင့်သည်ကို လမ်းညွှန်ပေးခြင်းဖြင့်လည်း ပူးပေါင်းဆောင်ရွက်ပေးပါသည်။

## ကျောင်းကစားကွင်းတပ်ဆင်ပေးခြင်း

**ကလေးအားကစားကွင်းစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ကျောင်းအုပ်ကြီးတစ်ဦး၏အကြံပြုချက်။ (အမှတ်-၂၊ ဟိုပုံးအထက - ဟိုပုံးမြို့နယ်)**

အားကစားပစ္စည်းများမပျက်စီးစေရန် စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်ရပါမည်။ လိုအပ်ချက်အနည်းငယ်မှစ၍ ပြုပြင်ရပါမည်။ လျစ်လျူရှုထား၍ မရပါ။ ကလေးများကစားသည့်အခါတွင် ထိခိုက်ဒဏ်ရာရရှိမှုမရှိစေရန် အတန်းပိုင်ဆရာမများနှင့် ဘာသာရပ်သင်ဆရာမများမှ သေချာစွာ စောင့်ကြပ်ကြည့်ရှုရမည်။ မတော်တဆ ထိခိုက်ဒဏ်ရာရရှိခဲ့ပါက ကျောင်းကြက်ခြေနီဆေးပုံးနှင့် ဆေးမျိုးစုံမှာ အသင့်ရှိနေရမည်။ ကလေးများ စနစ်တကျနှင့် စည်းကမ်းရှိစွာ ကစားရန်အတွက် ဆရာမများမှ အလှည့်ကျ တာဝန်ယူစောင့်ကြည့်ရပါမည်။ အချိန်ဇယားဖြင့် အတန်းလိုက်ကစားစေကာ ကလေးများအား ကစားစရာအစုံကို အလှည့်ကျကစားစေရပါမည်။







**ကျောင်းဆောင်သစ်အပြင် ကျောင်းကစားကွင်းပါ လက်ခံရရှိသည့်အတွက် ဒေသခံတစ်ဦး၏ ဝမ်းသာပီတိစကားသံ။ (လွယ်ခေါ်အမကမူလွန် - နောင်ချိုမြို့နယ်)**



ကျောင်းဆောင်သစ်ကြီး ဆောက်ပြီးသည့်နောက် ကလေးအားကစားကွင်းပါ ထပ်မံရရှိသောကြောင့် အတိုင်းမသိ ဝမ်းသာပီတိ ဖြစ်မိပါတယ်ခင်ဗျာ။ အားကစားကွင်းပစ္စည်းများကို လှူဒါန်းပေးသော ဒေါက်တာမိုတိုယိုရှိနှင့် လုပ်အားပေးလုပ်ဆောင်ကြသော ကျေးရွာသူ၊ ရွာသားများ၊ စေတနာ၏ အဖွဲ့ဝင်များအားလုံးကို ကျေးဇူးအထူးတင်ရှိပါတယ်။ ကျွန်တော်တို့ရဲ့ အနာဂတ်ကလေးများအတွက် နောက်နောင်တွင်လည်း များများ လှူဒါန်းပေးနိုင်ရန်အတွက် ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျာ။